JMG

# CASH CLAIM FORM

Date : 3.7.2024

BU/BR/Division : MAC BU

Department : National Sales

Issue Amount : 15000/- Kyats/ USD

တစ်သောင်းငါးထောင်ကျပ်တိတိ

Budget include (or) Not :

| | | | |
|---|---|---|---|
| Yes | ✓ | Budgeted Title and Amount : | New contract award for July'24 |
| No | | Reasons for : | NLP new contract award for ASM- Wai Lin Aung |

| Required For: |
|---|
| PIC- Wai Lin Aung, Nyaung Lay Pin - New contract 10% reward amount for customer- Win - Total amount = 10% (150000)<br>(300L/m, 3600L/yr, 2% bonus, 1yr contract) = 15000 |
| မှတ်ချက်။<br>(၁) အဆင့်ဆင့်သက်ဆိုင်ရာတာဝန်ရှိလူကြီးမင်းများအားလုံး သေချာစွာစုံစမ်းစစ်ဆေးတွက်ချက်ပြီးထားသော ငွေပမာဏဖြစ်ရပါမည်။<br>(The amount requested must be properly calculated, checked and verified by respective authorized person)<br>(၂) ထုတ်ယူငွေနှင့် ပတ်သက်၍ အမှားအယွင်း၊ လိမ်လည်မှု နှင့် အလွဲသုံးစားမှု တစ်စုံတစ်ရာ ရှိခဲ့ပါက၊ သက်ဆိုင်ရာ၊ တာဝန်ရှိစစ်ဆေးအတည်ပြုသူက အပြည့် အဝ ပြန်လည်ရရှိအောင် တာဝန်ယူ ဆောင်ရွက်ပေးရမည်<br>(If there is errors, frauds or misappropriation, the authorized person must take full responsibility to recover the loss) |

| Request By | Checked By | Checked By | Approved By | Approved By |
|---|---|---|---|---|
| Mi Mi Zin | Aung Ko Latt | Pyae Phyo Zin | Sent Sent Thin | |
| Requester | Mgr/DH | Finance & Account | GM/AGM/COO | CMC/CEO/Chairwoman |

10-7-24

ZMM.

04-CFD-CAS-FRM-005-03

CS CamScanner

people origin

Valvoline. MATADOR

Effective Date: 16/5/2023

# Valvoline & Matador Contract Customer Standard Bonus & ASM Performance Award

| | Monthly Contract Liter | Yearly Contract Liter | Customer Yearly Bonus % | ASM Performance Award | |
|---|---|---|---|---|---|
| | | | | New Contract Finding (MMK) | Existing Contract (MMK) |
| MCO Contract Program | 300 | 3,600 | 2.0% | 150,000 | 75,000 |
| | 400 | 4,800 | 2.5% | 250,000 | 125,000 |
| | 600 | 7,200 | 3.0% | 300,000 | 150,000 |
| | 800 & Above | 9,600 | 5.0% | 350,000 | 200,000 |
| | Monthly Contract Liter | Yearly Contract Liter | Customer Yearly Bonus % | ASM Performance Award | |
| | | | | New Contract Finding (MMK) | Existing Contract (MMK) |
| PCMO Contract Program | 300 | 3,600 | 2.0% | 200,000 | 100,000 |
| | 400 | 4,800 | 2.5% | 300,000 | 150,000 |
| | 600 | 7,200 | 3.0% | 400,000 | 200,000 |
| | 800 & Above | 9,600 | 5.0% | 500,000 | 250,000 |

Will be divided ASM reward by three times as below;

1) At the beginning of contract- 10% (based on ASM reward amount)

2) If half fully the yearly target liters- 30% (based on ASM reward amount)

3) If fully the yearly target liters - 60% (based on ASM reward amount)

***Remark***

Matador+ Valvoline Brand နှစ်ခုပေါင်းပြီး Contract ချုပ်ခွင့်မရပါ

| Prepared By; | Checked By; | Acknowledge By; | Approved By; | Approved By; |
|---|---|---|---|---|
| Ye Min Hein<br>MKT Manager | Wai Phyo Han<br>OM | Lwin Lwin Moe<br>F& Acc Manager | Seint Seint Thu<br>AGM | Zaw Min Myat<br>COO |




**" Matador အမှတ်တံဆိပ် Lubricant(အင်ဂျင်ဝိုင်)များ**
**အရောင်းအဝယ် နစ်ဖက်သဘောတူစာချုပ်"**
**စာချုပ်အမှတ်-DLD-PO-2024 / 06 / 010**

နေ့စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ ဇွန် လ ( ၁၇ )ရက်။

ရောင်းချသူ ။ ။ People Origin Co., Ltd. (UMG Group of Companies) (ကိုယ်စား)
(ပထမတစ်ဖက်) ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)
အမှတ်(၁၉၄၇/ဘီ)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

17/6/24

နှင့်

ဝယ်ယူသူ ။ ။ ဦးခန့်ကျော်စိုး(၇/ဒဥန(နိုင်)၀၀၀၇၀၀)
(ဒုတိယတစ်ဖက်) "Win" (ဆိုင်ကယ်၊ သုံးဘီးအပိုပစ္စည်းအမျိုးမျိုး)
အမှတ်(၃၀၃)၊ ဖအောင်ဝဲလမ်း၊ အမှတ်(၂) ကုန်သည်ရပ်ကွက်၊
ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး။
ဖုန်း-၀၉-၄၂၀၇၇၈၂၈၀၊ ၀၉-၇၈၈၄၃၂၁၆၂။

(အထက်အမည်ပါ ရောင်းချသူ(ပထမတစ်ဖက်) People Origin Co., Ltd. (UMG Group of Companies) ဟုဆိုရာတွင် ကုမ္ပဏီနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများ အကျုံးဝင်ကြောင်းနှင့် ဝယ်ယူသူ(ဒုတိယတစ်ဖက်) ဦးခန့်ကျော်စိုး၊ "Win" (ဆိုင်ကယ်၊ သုံးဘီးအပိုပစ္စည်းအမျိုးမျိုး)ဟုဆိုရာတွင် ၎င်းကိုယ်တိုင်နှင့်တကွ၊ ၎င်း၏ အမွေစားအမွေခံများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူ များပါ အကျုံးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

၁။ (ဒုတိယတစ်ဖက်) ဦးခန့်ကျော်စိုးသည် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အမှတ်(၂) ကုန်သည်ရပ်ကွက်၊ ဖအောင်ဝဲလမ်း၊ အမှတ်(၃၀၃)တွင် "Win" (ဆိုင်ကယ်၊ သုံးဘီးအပိုပစ္စည်းအမျိုးမျိုး)ကို လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရှိရပြီး၊ (ဒုတိယတစ်ဖက်) ဦးခန့်ကျော်စိုးသည် (ပထမတစ်ဖက်) People Origin Co., Ltd. (UMG Group of Companies)မှ ရောင်းချသော Matador Lubricant (MCO-Motor Cycle Oil)များကို ကိုယ်စားလှယ်အဖြစ် မိမိထံ အပ်နှံရောင်းချစေလိုကြောင်း၊ အဆိုပါ Matador Lubricant များကို မိမိထံသို့ ပေးပို့သည့်နေ့တွင် ပေးပို့ပြီးပြီးချင်း အဆိုပါ Matador Lubricant (MCO-Motor Cycle Oil)၏ အရောင်းတန်ဖိုးငွေကို တစ်လအတွင်း ငွေပေးချေမည်ဖြစ်ကြောင်း ယုံကြည်အောင် ပြောဆိုကမ်းလှမ်းလာသည်ကို ရောင်းချသူ(ပထမတစ်ဖက်) People Origin Co., Ltd. (UMG Group of Companies)မှလည်း ယုံကြည်၍ ဝယ်ယူသူ(ဒုတိယတစ်ဖက်) ဦးခန့်ကျော်စိုး၏ ကမ်းလှမ်းချက်ကို သဘောတူလက်ခံပါသည်။

၂။ People Origin Co., Ltd. (UMG Group of Companies)သည် ဦးခန့်ကျော်စိုးသည် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အမှတ်(၂) ကုန်သည်ရပ်ကွက်၊ ဖအောင် ဝဲလမ်း၊ အမှတ်(၃၀၃)တွင် Matador Lubricant များကို ဖြန့်ဖြူးရောင်းချရန် နစ်ဖက်သဘောတူညီကြပါသည်။

၃။ ဦးခန့်ကျော်စိုးသည် People Origin Co., Ltd. (UMG Group of Companies)ထံမှ Matador Lubricant များကို တစ်လလျှင် အနည်းဆုံးလီတာ(MCO) လီတာ(၃၀၀) ဝယ်ယူရောင်းချပေးမည်ဖြစ်ပါသည်။ လုပ်ငန်းကာလ (တစ်)နှစ်အတွင်း ဦးခန့်ကျော်စိုးမှ နစ်ဖက်သဘောတူသတ်မှတ်ထားသည့်ပစ်မှန် အင်ဂျင်ဝိုင်(၃,၆၀၀)လီတာပြည့်မီအောင် ရောင်းချနိုင်ပါက Additional (၂)ရာခိုင်နှုန်း အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

စာမျက်နှာ - ၂ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ကျပ် တစ်ရာကျပ် K 100



၄။ ဦးခန့်ကျော်စိုးသည် People Origin Co., Ltd. (UMG Group of Companies)ထံမှ ဝိမ်မှာယူထားသော Matador Lubricant များကို အရောင်းဘောင်ချာဖွင့်သည့်နေ့တွင်ပင် အင်ဂျင်ဝိုင်အရောင်းတန်ဖိုးငွေများကို ကုမ္ပဏီသို့ မပျက်မကွက် တစ်လုံးတစ်ခဲတည်း အပြည့်အဝအပြေအကြေပေးချေမည်ဖြစ်ပါသည်။ ဦးခန့်ကျော်စိုးမှ ပထမမှာယူထားသော အင်ဂျင်ဝိုင်များ၏ တန်ဖိုးငွေများကို People Origin Co., Ltd. (UMG Group of Companies)သို့ အပြေအကြေပေးချေပြီးမှသာ နောက်ထပ်အင်ဂျင်ဝိုင်များကို မှာယူရောင်းချရန် နှစ်ဖက်သဘောတူညီကြပါသည်။

၅။ People Origin Co., Ltd. (UMG Group of Companies)သည် ဦးခန့်ကျော်စိုး မှာယူထားသော Matador Lubricant များကို ဦးခန့်ကျော်စိုး၏ "Win" (ဆိုင်ကယ်၊ သုံးဘီးအပိုပစ္စည်းအမျိုးမျိုး)သို့ အရောက်ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

၆။ အဆိုပါအင်ဂျင်ဝိုင်များကို ဦးခန့်ကျော်စိုးမှ စစ်ဆေးလက်ခံရယူပြီးနောက် အဆိုပါ Matador Lubricant များကို ပျက်စီးယိုယွင်းခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ မည်သည့် အကြောင်းပြချက်နှင့်မျှ အဆိုပါအင်ဂျင်ဝိုင်များကို ပြန်၍လဲလှယ်ပေးရန် People Origin Co., Ltd. (UMG Group of Companies)သို့ တောင်းဆိုမည်မဟုတ်ကြောင်း ဦးခန့်ကျော်စိုးမှ ဝန်ခံကတိပြုပါသည်။

၇။ People Original Co., Ltd. မှ ဦးခန့်ကျော်စိုး၏ "Win" (ဆိုင်ကယ်၊ သုံးဘီးအပိုပစ္စည်းအမျိုးမျိုး)အတွက် မေတ္တာလက်ဆောင်အဖြစ် Matador Rock (1)Pc၊ Matador T-Shirt (10)Pcs နှင့် Matador Sport Shirt (10)Pcs အား ပေးပါမည်။

၈။ ဦးခန့်ကျော်စိုးသည် Matador Lubricant များကို နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် ဒိုက်ဦးမြို့တွင်သာ ကုမ္ပဏီမှ သတ်မှတ်ထားသော ပုံးတွဲစာရင်းတွင် ပါရှိသည့်ဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ပါသည်။

အကယ်၍ ဦးခန့်ကျော်စိုးမှ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် ဒိုက်ဦးမြို့အပြင် အခြားမြို့များသို့ Matador Lubricant များကို ရောင်းချခဲ့ပါက ဖြစ်ပေါ်လာသော People Origin Co., Ltd. (UMG Group of Companies)၏ နစ်နာမှုအဝဝကို ဦးခန့်ကျော်စိုးမှ တာဝန်ယူပေးလျော်ရမည်။

၉။ Matador Lubricant များ ရောင်းချခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မှန်ကန်မှုတမှုကို အခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ကြမည်။ အကယ်၍ ပြေလည်မှုမရရှိခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြရန် နှစ်ဖက်သဘောတူညီကြပါသည်။

၁၀။ Matador Lubricant များကို ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူသတ်မှတ်ကာလသည် ( 14 - 6 - 2024 )ရက်နေ့မှ ( 14 - 6 - 2025 )ရက်နေ့အထိ (တစ်)နှစ်တိတိ ဖြစ်ပါသည်။

၁၁။ အကယ်၍ (တစ်)နှစ်ပြည့်မြောက်ပြီးနောက် Matador Lubricant များကို ဆက်လက်ရောင်းချလိုပါက ဦးခန့်ကျော်စိုးမှ People Origin Co., Ltd. (UMG Group of Companies)သို့ စာချုပ်သက်တမ်းမပြည့်မီ (တစ်လ) ကြိုတင်၍ စာဖြင့် အကြောင်းကြားပေးမည်ဖြစ်ပါသည်။

ကုမ္ပဏီမှ သဘောတူညီပါက သီးခြား Matador Lubricant အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်ဖြစ်ပြီး၊ ကုမ္ပဏီမှ သဘောတူညီမှုမရှိပါက ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူသတ်မှတ်ကာလပြည့်မြောက်သည့်နေ့တွင် စာရင်းဇယားနှင့်ငွေကြေးကိစ္စရပ်များ အပြီးအပြတ်ရှင်းလင်းဖြေရှင်းပြီးမှသာ အရောင်းကိုယ်စားလှယ်အဖြစ် ကုန်ဆုံးရပ်စဲပြီဖြစ်ကြောင်း သိရှိသဘောတူပါသည်။

၁၂။ အရောင်းကိုယ်စားလှယ်အဖြစ် သက်တမ်းကုန်ဆုံးသည့်နေ့တွင် ဦးခန့်ကျော်စိုး ဝယ်ယူထားသော Matador Lubricant များ၏ စာရင်းကို နှစ်ဖက်စစ်ဆေးအတည်ပြုပြီး၊ အဆိုပါစာရင်းတွင် ပါရှိသည့် Matador Lubricant တန်ဖိုးငွေများကို နှစ်ဖက်စစ်ဆေးအတည်ပြုပြီးသည့်နေ့တွင်ပင် ဦးခန့်ကျော်စိုးမှ ကုမ္ပဏီသို့ မပျက်မကွက် တစ်လုံးတစ်ခဲတည်း အပြေအကြေပေးသွင်းပါမည်ဟု ဝန်ခံကတိပြုပါသည်။

စာမျက်နှာ - ၃ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ ကျပ် K 100



၁၃။ ဤစာချုပ်ပါစကားရပ်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် တချုပ်ဖျက်သိမ်းခြင်းတို့ကို နှစ်ဖက်သဘောတူညီ ချက်ဖြင့် ဆောင်ရွက်နိုင်သည်။

အထက်ပါစကားရပ်များကို ပထမတစ်ဖက် People Origin Co., Ltd. (UMG Group of Companies)နှင့် ဒုတိယတစ်ဖက် ဦးခန့်ကျော်စိုး "Win" (ဆိုင်ကယ်၊ သုံးဘီးအပိုပစ္စည်းအမျိုးမျိုး)တို့သည် သေချာစွာ ဖတ်ရှု သိရှိ နားလည် သဘောပေါက်ကြပြီး၊ မိမိတို့၏ လွတ်လပ်သော ပင်ကိုယ်စိတ်ဆန္ဒများအရ သဘောတူညီကြသဖြင့် အောက်ပါအသိသက်သေ များတို့ရှေ့မှောက်တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

| ပထမတစ်ဖက် | ဒုတိယတစ်ဖက် |
|---|---|
| (signature) 17/9/21 | (signature) |
| People Origin Co., Ltd.<br>(UMG Group of Companies) (ကိုယ်စား)<br>ဦးစော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးခန့်ကျော်စိုး(၇/ဒဥန(နိုင်)၀၀၀၇၀၀)<br>"Win" (ဆိုင်ကယ်၊ သုံးဘီးအပိုပစ္စည်းအမျိုးမျိုး) |

အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | - (signature) | လက်မှတ် | - (signature) |
| အမည် | - မြင့်ကောင်းကျော် | အမည် | - [illegible] |
| မှတ်ပုံတင် | - [illegible] | မှတ်ပုံတင် | - [illegible] |
| နေရပ် | - [illegible] | နေရပ် | - [illegible] |